MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက်အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီအရင်ခံခြင်းဆိုင်ရာစံများ (IFRSs) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။
ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

### မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်း ဧရိယာဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာ အဖွဲ့ဝင် (၄) ဦး နှင့် အရာရှိအဖွဲ့ဝင် (၄) နေရာ တို့ကို စေလွှတ်တာဝန်ပေးထားပြီး စဥ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများပြုလုပ်ထားရှိပါသည်။
မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက်အတွက် အသားတင် အမြတ်ငွေ အမေရိကန် ဒေါ်လာ (၁.၇) သန်း ရရှိခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် စုဆောင်းပြီးအမြတ်လက်ကျန် အမေရိကန် ဒေါ်လာ (၆၂) သန်း ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံလိုသူများထံမှ နှစ်ရှည်မြေယာငှားရမ်းမှု မှ မြေဧရိယာ (၂.၀ ဟက်တာ) အတည်ပြုလက်မှတ်ထိုးခဲ့ပြီးဖြစ်ပါသည်။ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် အနေဖြင့် ပုံမှန်လည်ပတ်နေသည့်လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအပြင် တစ်ဖက်တွင်လည်း နေရောင်ခြည်စွမ်းအင်စီမံကိန်းလုပ်ငန်းများ၏ ဖြည့်ဆည်းပေးမှုဖြင့် ကဏ္ဍအသီးသီးတွင် တိုးတက်မှုကို ခိုင်မာစွာ ဖော်ဆောင်နိုင်ခဲ့ပါသည်။
မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်သည် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ထုတ်လုပ်ရေးကို 4 MW ဖြင့်စတင်နိုင်ခဲ့ကာ၊ ထပ်မံ၍ 3.5 MW တိုးချဲ့ရန် လုပ်ဆောင်လျက်ရှိပါသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းမှ စုစုပေါင်း 15 MW အထိထုတ်လုပ်ရန် မျှော်မှန်းထားပြီး ၎င်းသည်မိမိတို့၏ Green Energy မဟာဗျူဟာအပေါ်အလေးထားမှုကို ပြသနေပါသည်။ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးမှ ဝင်ငွေစီးဆင်းမှုများလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

## သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (“TPD”)

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်း နှင့် နှစ်ရှည်ငှားရမ်း ခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် သည် ကျပ် (၂၁၁) သန်းအရှုံးရှိခဲ့သော်လည်း အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်မှုများကြောင့် အိမ်ခြံမြေတန်ဖိုး မြင့်တက်လာခဲ့ပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံလိုသူများထံမှ ဆိုင်ခန်း (၃) လုံး အတွက် ကြိုတင်စာရင်းသွင်းခြင်းအား လက်ခံရရှိခဲ့ပြီးနှစ်ဝက်အလွန်ကာလတွင် အတည်ပြု လက်မှတ်ရေး ထိုးခဲ့ပြီး ဘဏ္ဍာရေးအကျိုးအမြတ်များ ရရှိရန် မျှော်မှန်းထားပါသည်။ ကုမ္ပဏီတွင် စုဆောင်းပြီးအမြတ်လက်ကျန် ကျပ် (၁၀.၁) ဘီလီယံ နှင့် ငွေသားလက်ကျန် ကျပ်(၆.၂) ဘီလီယံ (အမေရိကန်ဒေါ်လာ (၁.၄) သန်း အပါအဝင်) ရှိနေခြင်းက ခိုင်မာသော ငွေကြေးလည်ပတ်နိုင်စွမ်း ကို ပြသနေပြီး၊ ယင်းသည် ဆက်လက်ဆောင်ရွက်မည့် အိမ်ခြံမြေနှင့် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများအတွက် လိုအပ်သော ဘဏ္ဍာရေး အရင်းအမြစ် ကို အပြည့်အဝ အထောက်အကူပြုနေပါသည်။

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ၏ 3.3 MW နေရောင်ခြည်စွမ်းအင်စီမံကိန်းသည် ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး ကုမ္ပဏီလုပ်ငန်းစုအတွက် ဝင်ငွေသစ်များ စတင်တိုးပွားလာစေမည် ဖြစ်သည်။ ဤစီမံကိန်းသည် ဝင်ငွေအရင်းအမြစ်များကို ပိုမိုခိုင်မာစေရုံသာမက ကုမ္ပဏီ၏ ပတ်ဝန်းကျင်ဆိုင်ရာ တည်တံ့ခိုင်မြဲရေး နှင့် ကာဗွန်ထုတ်လွှတ်မှု ကို လျှော့ချပေးစေကာ သန့်ရှင်းသောပတ်ဝန်းကျင် အသွင်ကူးပြောင်းမှုကို ထင်ဟပ်စေပါသည်။

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှ ရရှိသည့် ဝင်ငွေများ အပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ် (၅.၁) ဘီလီယံ ရရှိခဲ့ပါသည်။ အဆိုပါ အမြတ်ငွေတွင် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် မှ ရရှိသည့် အမြတ်ဝေစုခွဲဝေမှု ကျပ် (၂.၅) ဘီလီယံအပြင်၊ မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် အဖြစ် ပေးအပ်သော စီမံခန့်ခွဲမှုဆိုင်ရာ ဆုကြေး တို့ပါဝင်ပါသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ကုမ္ပဏီ၏ လက်ငင်းမဟုတ်သော ရပိုင်ခွင့်များစုစုပေါင်းမှာ ကျပ် (၇၈.၉) ဘီလီယံ ရှိပြီး၊ ယင်းပမာဏ၏ (၆၈) ရာခိုင်နှုန်းခန့် မှာ တွဲဖက်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားမှုမှ မခွဲဝေရသေးသော အမြတ်ငွေ ဖြစ်ပါသည်။ အလားတူ လက်ငင်းရပိုင်ခွင့် စုစုပေါင်းမှာ ကျပ် (၉.၂) ဘီလီယံ ရှိပါသည်။ ယခင်ကာလနှင့် နှိုင်းယှဉ်ပါက လက်ငင်းရပိုင်ခွင့်များ လျော့နည်းလာရခြင်းမှာ ရှယ်ယာရှင်များထံ အမြတ်ဝေစု ခွဲဝေပေးခြင်း နှင့် နေရောင်ခြည်စွမ်းအင် စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီသည် စုဆောင်းပြီးအမြတ်လက်ကျန် ကျပ် (၄၆.၈) ဘီလီယံကို အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့ပြီး၊ ၎င်းသည် လက်ရှိလုပ်ငန်း ဆောင်ရွက်မှုများနှင့် အနာဂတ်မဟာဗျူဟာများကို ပံ့ပိုးပေးနိုင်သည့် ခိုင်မာသော စီးပွားရေးမြှင့်တင်မှု အနေအထား ကို ထင်ဟပ်စေပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံ ကုမ္ပဏီ (“MTSH အုပ်စု”)**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | **ပြောင်းလဲချက်** | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| ဝင်ငွေ | ▲ | ၅,၂၉၈ | ၁,၈၂၀ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▲ | (၁,၆၄၈) | (၆၇၁) |
| **အကြမ်းအမြတ်** | ▲ | **၃,၆၅၀** | **၁,၁၄၉** |
| အတိုးကုန်ကျစရိတ် | ▼ | - | (၁၀) |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▲ | (၁,၄၈၉) | (၁,၂၄၇) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▲ | ၂,၄၉၃ | ၁,၂၄၃ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▲ | **၄,၆၅၄** | **၁,၁၃၅** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▲ | ၆၈၁ | ၅၉ |
| နိုင်ငံခြားငွေကြေးလဲ လှယ်မှု အမြတ်(အရှုံး) | ▼ | ၅၁ | ၆,၉၆၇ |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▼ | **၅,၃၈၆** | **၈,၁၆၁** |
| ဝင်ငွေခွန် | ▲ | (၅၂၉) | (၇၆) |
| **အသားတင်အမြတ်** | ▼ | **၄,၈၅၇** | **၈,၀၈၅** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၆၉% | ၆၃% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▼ | ၁၂၆ | ၁၉၉ |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဝက်၏ ဝင်ငွေမှာကျပ် (၅.၃) ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ် နှင့်နှိုင်းယှဉ်ပါက ကျပ် (၃.၅) ဘီလီယံ တိုးမြှင့် ရရှိခဲ့ပါသည်။ အဆိုပါ ဝင်ငွေတိုးတက်မှု ၏ အဓိက အနေဖြင့် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့ာမင့်လီမိတက် ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရရှိသည့် စီမံခန့်ခွဲမှု ဆိုင်ရာ ဆုကြေးဖြစ်ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလည်ပတ်မှု အကြမ်းအမြတ်သည် ကျပ် (၃.၆) ဘီလီယံအထိ ရှိခဲ့ရာ၊ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကျပ် (၂.၅) ဘီလီယံ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဤသို့ တိုးတက်လာရခြင်းမှာ စုစုပေါင်းအမြတ် မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပြီး လုပ်ငန်းစု၏ ဘဏ္ဍာရေးအခြေအနေ ပိုမိုခိုင်မာလာခြင်းကို ထင်ဟပ်စေပါသည်။
တွဲဖက်လုပ်ငန်းမှ ရရှိသည့် အမြတ်ဝင်ငွေသည် ယခင်နှစ်တွင် ကျပ် (၁.၂) ဘီလီယံ ရရှိခဲ့ပြီး၊ ယခုဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကျပ် (၂.၅) ဘီလီယံအထိ တိုးတက်ခဲ့ပါသည်။

အထက်ဖော်ပြပါ အကြောင်းရင်းများကြောင့် လုပ်ငန်းစုအနေဖြင့် အသားတင်အမြတ် မှာ ကျပ် (၄.၉) ဘီလီယံ ရှိခဲ့ပြီး၊ အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုသည်လည်း အဆိုပါပမာဏအတိုင်းပင် အားကောင်းစွာ ရရှိခဲ့ပါသည်။

အထက်ဖော်ပြပါ အချက်အလက်များအရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ကာလအတွက် အစုရှယ်ယာတစ်စောင်လျှင် အမြတ်ငွေ မှာ ကျပ် (၁၂၆) ဖြစ်ပါသည်။ ယခင်နှစ် အလားတူကာလ ၏ အစုရှယ်ယာတစ်စောင်၏ အမြတ်ငွေ ကျပ် (၁၉၉) ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

| | ပြောင်းလဲချက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၅ နှစ်၊ မတ်လ (၃၁)ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▼ | ၃၉,၀၁၉ | ၄၆,၆၈၅ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၆၂,၅၈၈ | ၅၉,၂၅၉ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▼ | **၁၀၁,၆၀၇** | **၁၀၅,၉၄၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▼ | ၂,၅၄၄ | ၄,၄၅၂ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▲ | ၁၇၄ | ၆၃ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▼ | **၂,၇၁၈** | **၄,၅၁၅** |
| **အသားတင်ရပိုင်ခွင့်များ** | ▼ | **၉၈,၈၈၉** | **၁၀၁,၄၂၉** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▼ | ၅၁,၉၃၄ | ၅၄,၄၃၁ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▼ | ၈,၀၂၆ | ၈,၀၆၉ |
| **စုပေါင်းရင်းနှီးငွေ** | ▼ | **၉၈,၈၈၉** | **၁၀၁,၄၂၉** |

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုပေးချေခြင်းနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ကြောင့် လက်ငင်းရပိုင်ခွင့် ပမာဏ လျော့နည်းခဲ့သော်လည်း၊ လုပ်ငန်းအုပ်စု၏ ဘဏ္ဍာရေးအခြေအနေမှာ ခိုင်မာလျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ငွေသားနှင့် ဘဏ်လက်ကျန် ကျပ် (၇.၂) ဘီလီယံ အပါအဝင် လက်ငင်းရပိုင်ခွင့်စုစုပေါင်း ကျပ် (၃၉.၀) ဘီလီယံကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ဘဏ္ဍာရေးနှစ်ဝက်ကာလအတွင်း လက်ငင်းမဟုတ်သောရပိုင်ခွင့်များ တိုးတက်လာရခြင်းမှာ အဓိကအားဖြင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းအား ပုံသေပိုင်ပစ္စည်းများအဖြစ် ထည့်သွင်းခြင်းနှင့် တွဲဖက်လုပ်ငန်းမှ အမြတ်ဝေစုများကြောင့် ကျပ် (၆၂.၆) ဘီလီယံအထိ မြင့်တက်လာခဲ့သည်။ ၎င်းအနက် တွဲဖက်လုပ်ငန်းစု၏ မခွဲဝေပေးရသေးသော အမြတ်ခွဲဝေမှုမှာ ကျပ် (၅၃.၂) ဘီလီယံဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ စုစုပေါင်းပေးရန်တာဝန်များသည် ကျပ် (၂.၇) ဘီလီယံသို့ လျော့နည်းသွား ခဲ့ပါသည်။ ဤသို့ လျော့နည်းရခြင်းမှာ အဓိကအားဖြင့် ကျန်ရှိနေသေးသော ပေးရန်ရှိများကို ပေးချေခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

စုဆောင်းထားသော အမြတ်လက်ကျန်ငွေမှာ ယခင်နှစ် ကျပ် (၅၄.၄) ဘီလီယံ မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကျပ်(၅၁.၉) ဘီလီယံသို့ ကျဆင်းခဲ့ပြီး ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခုနှစ်အတွင်း ရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးခဲ့ခြင်းနှင့် ယခုနှစ်အတွင်းရရှိခဲ့သည့် အမြတ်တို့၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပါသည်။

**<u>အဓိက ဘဏ္ဍာရေးဆိုင်ရာ အချိုးအစားများ</u>**

| ဘဏ္ဍာရေးဆိုင်ရာ အချိုးအစားများ | | အစီရင်ခံကာလပြီးဆုံးသည့်အချိန်ကာလ | |
|---|---|---|---|
| | | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် | ၂၀၂၅ နှစ်၊ မတ်လ (၃၁)ရက် |
| <u>အမြတ်အစွန်းဆိုင်ရာ အချိုးအစားများ</u> | | | |
| ပိုင်ဆိုင်မှုများအပေါ် အကျိုးအမြတ်ပြန်ရနှုန်း | % | ၅% | ၁၂% |
| အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ရရှိမှုအချိုး | % | ၅% | ၁၃% |
| <u>ငွေကြေးလည်ပတ်မှုဆိုင်ရာ အချိုးအစားများ</u> | | | |
| လက်ရှိပိုင်ဆိုင်မှုနှင့် ပေးရန်တာဝန်အချိုး | အဆ | ၁၅.၃ | ၁၀.၅ |
| <u>ရှယ်ယာတစ်စုချင်းစီ၏ အမြတ်အစွန်း</u> | | | |
| ရှယ်ယာတစ်စုချင်းစီ၏ အမြတ်အစွန်း | ကျပ် | ၁၂၆ | ၃၃၃ |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ် တိုးတက်မှုဆိုင်ရာ ဦးတည်ချက်များ

MTSH ကုမ္ပဏီအုပ်စုသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ၎င်း၏အဓိက ဖွံ့ဖြိုးတိုးတက်ရေး ပလပ်ဖောင်း ကို စက်မှုဇုန်၊ လူနေအိမ်ရာ နှင့် စီးပွားရေးဆိုင်ရာ ပိုင်ဆိုင်မှုများမှရသော တည်ငြိမ်သည့် ပုံမှန်ဝင်ငွေများကို အခြေပြု၍ ဆက်လက်ခိုင်မာအောင် အားဖြည့်လျက်ရှိပြီး တန်ဖိုး မြှင့်တင် ပေးနိုင်မည့် အခွင့်အလမ်းသစ်များကို စနစ်တကျ ရွေးချယ်ဖော်ဆောင်လျက် ရှိပါသည်။ MJTD သည် မြေကွက်၊ စက်ရုံ ငှားရမ်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုဝန်ဆောင်မှုများအတွက် စဉ်ဆက် မပြတ် ရှိနေသော ဝယ်လိုအားများ ကြောင့် ကုမ္ပဏီအုပ်စု၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတွင် အခြေခံအုတ်မြစ် အဖြစ် ဆက်လက် တည်ရှိလျက်ရှိပါသည်။ သီလဝါအထူး စီးပွားရေးဇုန်အတွင်း စက်ရုံ အသစ်များ ဆက်လက်တည်ထောင်လာခြင်းသည် အထူးစီးပွားရေဂဇုန်၏ အခြေခံ အဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံမှုခံစားခွင့် နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ခိုင်မာသော ယုံကြည်မှုကို ရောင်ပြန်ဟပ်နေပြီး ၎င်းသည် အလယ်အလတ်နှင့် ရေရှည်ကာလ အတွင်း တည်ငြိမ်သော ငှားရမ်းမှု နှုန်းထားများနှင့် အလှည့်ကျ ဝင်ငွေစီးဆင်းမှုများကို အထောက်အပံ့ ဖြစ်စေရန် မျှော်မှန်းထားပါသည်။

အနာဂတ် တိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့် ကုမ္ပဏီအုပ်စု၏ တိုးချဲ့ဆောင်ရွက် လျက်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လုပ်ငန်းကဏ္ဍ (Renewable Energy Portfolio) ပင် ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်းများ ကို MJTD တွင် အောင်မြင် စွာ စတင် လည်ပတ် နိုင်ခဲ့ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းနှင့် TPD တွင် လက်ရှိဖော်ဆောင်လျက်ရှိသော နေရောင်ခြည် စွမ်းအင်သုံး စီမံကိန်းတို့ကို အခြေခံကာ MTSH ကုမ္ပဏီအုပ်စုအနေဖြင့် ကွဲပြားပြီး အရွယ်အစား ကြီးမား၍ သန့်ရှင်းသောစွမ်းအင်ပလပ်ဖောင်း တစ်ခုကို စဉ်ဆက်မပြတ် ဖော်ဆောင်နေမှုပင် ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းများသည် ကြိုတင်ခန့်မှန်းတွက်ချက်နိုင်သော ရေရှည်ငွေကြေး စီးဆင်းမှုများ ဖြစ်ထွန်းစေရန် နှင့် ရှိရင်းစွဲ (မူလ) ဝင်ငွေအရင်းအမြစ်များအပေါ် မှီခိုမှုကို လျှော့ချ နိုင်ရန် မျှော်မှန်းထားပါသည်။ တစ်ချိန်တည်း မှာပင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အစပျိုး ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ စွမ်းအင်ဆိုင်ရာ ရည်မှန်းချက်များ၊ ကုမ္ပဏီအုပ်စု၏ ရေရှည် တည်တံ့ခိုင်မြဲရေး မဟာဗျူဟာနှင့် လိုက်လျောညီထွေမှု ဖြစ်စေပြီး ယုံကြည်စိတ်ချရပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသော စွမ်းအင်ဆိုင်ရာ ဖြေရှင်းချက်များအတွက် တိုးမြင့် လာသော ဝယ်လိုအားမှ ရရှိလာမည့် အကျိုးကျေးဇူးများ ကို MTSH အနေဖြင့် ရယူနိုင်မည့် အနေအထားတွင် ရှိနေပါသည်။

ရှေ့သို့မျှော်မှန်းကြည့်မည်ဆိုပါက ကုမ္ပဏီအုပ်စုအနေဖြင့် အမြတ်ဝေစုခွဲဝေခြင်း၊ ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း တို့အကြား မျှတမှုရှိစေရန် နှင့် ကြီးထွားဖွံ့ဖြိုးစေရန် စနစ်တကျရှိပြီး သတိပြုရမည့် အရင်းအနှီးခွဲဝေမှု (Capital Allocation) ကို ဆက်လက်ကျင့်သုံး၍ ဟန်ချက်ညီစေမည် ဖြစ်ပါသည်။ MTSH သည် အခြားသော ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းသစ်များနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက် နိုင်ခြေ ရှိသော စီးပွားရေးဇုန်အသစ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အရေး အလားအလာများ ကို တက်ကြွစွာ လေ့လာအကဲဖြတ်လျက်ရှိပါသည်။ ခိုင်မာသော ဘဏ္ဍာရေးအခြေအနေ ၊ ထိန်းသိမ်း ထားသည့် အမြတ်ငွေများ၏ အားကောင်းမှု နှင့် အတွေ့အကြုံရှိသော စီမံခန့်ခွဲမှုအဖွဲ့တို့၏ ပံ့ပိုးမှုတို့ဖြင့် ကုမ္ပဏီအုပ်စုသည် ဆက်လက် ကြုံတွေ့နေရသော စီးပွားရေးဆိုင်ရာ အခက်အခဲများ ကြားမှပင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ကို ဖော်ဆောင်ရန်၊ ဝင်ငွေရရှိမှု အရှိန်အဟုန်ကို မြှင့်တင်ရန်နှင့် ရှယ်ယာရှင်များအတွက် ရေရှည်တန်ဖိုးများဖြစ်ထွန်းစေရန် ကောင်းမွန်စွာ နေရာယူ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the period ended 30 September 2025 ("FY2025-2026") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRSs) and audited by the Independent Auditor, Win Thin & Associates Ltd.

The Board of Directors approved this document on 22 December 2025.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH holds a majority share of MJTD's shareholding, represented four board seats, and dispatched four key officers to support the company's strategic direction and ensure sustained operational and financial performance of MJTD.

For the period ended 30 September 2025, MJTD achieved a net profit of USD 1.7 million. Retained Earnings were USD 62 million as of 30 September 2025. During the period, MJTD delivered the performance land sales of 2 hectares. MJTD maintained a stable income stream from its recurring operations in the rental and maintenance, complemented by contributions from solar projects of comparable capacity, reflecting consistent growth across its key business segments.

MJTD's solar energy project commenced commercial power generation and achieved a capacity expansion to 4 MW by the end of the reporting period**.** The project continues to progress in line with the Group's renewable energy strategy, with a further 3.5 MW capacity expansion currently under development. Looking ahead, the total targeted capacity of the solar project is 15 MW, reflecting the Company's long-term commitment to renewable energy growth. The solar business has begun to generate an additional and recurring revenue stream, enhancing earnings diversification and supporting the Group's sustainable growth objectives.

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD incurred MMK 211 million loss for the period ended 30 September 2025. However, significant infrastructure upgrades resulted in an overall enhancement of the property's value. TPD successfully completed the sale of three shophouses, which are anticipated to contribute positively to the Company's financial performance in the current financial year. As at 30 September 2025, the Company maintained retained earnings of MMK 10.1 billion and cash and bank balances of MMK 6.2 billion, including USD 1.4 million held in foreign currency. This strong liquidity position provides the financial flexibility to support ongoing asset enhancements and the solar project.

TPD is currently implementing a 3.3 MW solar energy project, with completion targeted for within this financial year. Upon commissioning, the project is expected to become operational and contribute incremental revenue within the current financial year. This investment is intended to diversify and strengthen the Group's income streams while supporting long-term value creation. In addition, the solar initiative aligns with the Company's sustainability strategy by promoting clean energy generation and reducing the Group's overall carbon footprint.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.
For the period ended 30 September 2025, MTSH reported a stand-alone net profit of MMK 5.1 billion. This result includes a 10th year anniversary management bonus income from MJTD as well as a share of profit of MMK 2.5 billion from investment in MJTD.

As at 30 September 2025, total non-current assets amounted to MMK 78.9 billion, of which approximately 68% related to the investment in MJTD. The reduction in current assets was mainly due to dividend payments and advance payments made to suppliers in connection with the solar energy initiative. As at 30 September 2025, total current assets stood at MMK 9.2 billion.

As at the same date, the Company maintained retained earnings of MMK 46.8 billion, reflecting a solid capital position to support ongoing operations and strategic initiatives.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**Summarized Consolidated Income Statement for the period ended**

| | | | Kyat in million |
|---|---|---|---|
| | **30-Sep-25** | **30-Sep-24** | **Changes** |
| Revenue | 5,298 | 1,820 | ▲ |
| Cost of Sales | (1,648) | (671) | ▲ |
| **Gross Profit** | **3,650** | **1,149** | ▲ |
| Finance Costs | - | (10) | ▼ |
| Selling & administrative expenses | (1,489) | (1,247) | ▲ |
| Share of profit from associate | 2,493 | 1,243 | ▲ |
| **Operating profit** | **4,654** | **1,135** | ▲ |
| Income from non-operating activities | 681 | 59 | ▲ |
| Other gain/(losses) | 51 | 6,967 | ▼ |
| **Total profit before tax** | **5,386** | **8,161** | ▼ |
| Income tax expense | (529) | (76) | ▲ |
| **Net Profit** | **4,857** | **8,085** | ▼ |
| Gross Profit Margin | 69% | 63% | ▲ |
| Earning Per Share (Kyat) | 126 | 199 | ▼ |

For the period ended 30 September 2025, the Group recorded revenue of MMK 5.3 billion, representing an increase of MMK 3.5 billion compared to the corresponding period of the previous period. This growth was primarily driven by income arising from the 10th year anniversary management bonus.

Gross profit for the financial period amounted to MMK 3.6 billion, reflecting an increase of MMK 2.5 billion period-on-period. The improvement was attributable to higher gross profit, as noted above.

The share of profit from the Group's investment in associate company, MJTD, increased significantly from MMK 1.2 billion in the prior period to MMK 2.5 billion in the current period.

As a result of the above factors, the Group achieved a net profit of MMK 4.9 billion**,** with profit attributable to equity shareholders amounting to substantially the same level.

Overall, the net impact of the above factors contributes to the decline in consolidated EPS to MMK 126 per share for the period ended 30 September 2025 from MMK 199 per share for the period ended 30 September 2024.

**Summarized Consolidated Statement of Financial Position as at 30 September 2025**

| | | | **Kyat in million** |
|---|---|---|---|
| | **30-Sep-25** | **31-Mar-25** | **Changes** |
| Assets | | | |
| Current Assets | 39,019 | 46,685 | ▼ |
| Non-Current Assets | 62,588 | 59,259 | ▲ |
| **Total assets** | **101,607** | **105,944** | ▼ |
| Liablilites | | | |
| Current liabilities | 2,544 | 4,452 | ▼ |
| Non-Current liabilities | 174 | 63 | ▲ |
| Total Liabilities | 2,718 | 4,515 | ▼ |
| **Net assets** | **98,889** | **101,429** | ▼ |
| Equity | | | |
| Issued and paid up capital | 38,929 | 38,929 | - |
| Retained earnings | 51,934 | 54,431 | ▼ |
| Non-controlling interest | 8,026 | 8,069 | ▼ |
| **Total equity** | **98,889** | **101,429** | ▼ |

During the reporting period, dividend payments for FY 2024–2025 and expenditures incurred for the installation of the solar project were capitalized, resulting in a reduction in current assets. As at 30 September 2025, the Group maintained cash and bank balances of MMK 7.2 billion, with total current assets amounting to MMK 39.0 billion.

Non-current assets increased during the period, primarily due to the recognition of the Group’s share of profit from associate as well as the capitalization of the solar power project under property, plant and equipment. As at period-end, non-current assets totaled MMK 62.6 billion, of which MMK 53.2 billion represented the Group’s share of net assets in MJTD.

Total liabilities decreased to MMK 2.7 billion as at 30 September 2025, mainly due to settlement for outstanding payable.

As at 30 September 2025, the Group’s retained earnings stood at MMK 51.9 billion decreasing from MMK 54.4 billion mainly due to the net impact of dividend payout and profit during this period.

**Key Financial Ratio**

| Financial Ratios | | For Period/Year Ended | |
|---|---|---|---|
| | | 30-Sep-25 | 31-Mar-25 |
| Profitability Ratios | | | |
| Return on Assets | % | 5% | 12% |
| Return on Equity | % | 5% | 13% |
| Liquidity Ratios | | | |
| Current Ratios | Times | 15.3 | 10.5 |
| Per-Share Profitability | | | |
| Earning per share | Kyat | 126 | 333 |

**Development and Future Growth Trends**

The MTSH Group continues to strengthen its core development platform within Thilawa SEZ by leveraging stable recurring income from industrial, residential, and commercial assets while selectively pursuing value-accretive opportunities. MJTD remains the cornerstone of the Group's industrial development strategy, supported by sustained demand for land, factory leasing, and maintenance services. The continued establishment of new factories within Thilawa SEZ reflects resilient investor confidence in the zone's infrastructure, incentives, and long-term growth prospects, which is expected to support stable occupancy levels and recurring revenue streams over the medium to long term.

A key driver of future growth is the Group's expanding renewable energy portfolio. Building on the successful commissioning and expansion of solar power projects at MJTD and the ongoing implementation at TPD, the Group is steadily developing a diversified and scalable clean energy platform. These projects are expected to generate predictable, long-term cash flows while reducing reliance on traditional income sources. At the same time, the renewable energy initiatives align with national energy objectives and the Group's sustainability strategy, positioning MTSH to benefit from increasing demand for reliable and environmentally responsible power solutions.

Looking ahead, the Group will continue to adopt a disciplined and prudent approach to capital allocation, balancing dividend distributions with reinvestment for growth. MTSH is actively evaluating additional trading opportunities and potential participation in emerging economic zones that demonstrate long-term development potential. Supported by a solid balance sheet, strong retained earnings, and experienced management, the Group is well positioned to pursue sustainable growth, and deliver long-term value to shareholders despite ongoing macroeconomic uncertainties.